# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 19, 2024 Volume 79, Number 12

၁၉.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၃၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၂၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄၈၅ ဒသမ ၅၉၄ သန်းရရှိ



ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၇ ရက်အထိ နှစ်လကျော်ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈၅ ဒသမ ၅၉၄ သန်းရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် အဓိကသီးနှံများဖြစ်သည့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကိုစိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကာ ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ ၃၃ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ကာ ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများ စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် ပဲများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွန်းဖြူ၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ပဲကြီး၊ ပဲကတ္တီပါ(စွန်တာနီ/စွန်တာဖြူ)၊ ပဲဖြူလေး၊ ဗိုလ်ကိတ်ပဲ၊ ပဲပုပ်၊ ပဲနီကျား၊ နိုင်လွန်ပဲ၊ မြေပဲဆန်နှင့်အခြားပဲများ ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်စာရင်းများအရ ပင်လယ်ရေကြောင်းမှ ၁,၆၀၂,၃၈၈ တန်၊ နယ်စပ်ကုန်သွယ်မှုမှ တန် ၁၅၇,၄၁၀

စုစုပေါင်း ၁,၇၅၉,၇၉၈ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄၈၄ ဒသမ ၀၀၈ သန်းရရှိခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၇ ရက်အထိ နှစ်လကျော်ကာလအတွင်း ပင်လယ်ရေကြောင်းမှ ၅၁၀,၆၅၃ ဒသမ ၈၆၁ တန်၊ နယ်စပ်ကုန်သွယ်မှုမှ ၂၁,၀၆၁ ဒသမ ၃၁၆ တန် စုစုပေါင်း ၅၃၁,၇၁၅ ဒသမ ၁၇၇ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၈၅ ဒသမ ၅၉၄ သန်း ရရှိခဲ့ကြောင်းသိရသည်။

Source: http://myawady.net.mm/

## ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံ (နီ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံ (နီ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲစင်းငုံ(နီ)ကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က ပဲစင်းငုံ(နီ) မှာ မန္တလေး ဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်အနေအထားတွင်သာရှိကြောင်း၊ ယခုလက်ရှိတွင် ပဲစင်းငုံ(နီ)များ မန္တလေး ဈေးကွက် အတွင်း ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

“အခုလက်ရှိအချိန်မှာ ပဲစင်းငုံ(နီ)တွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းက ကုန်သည်တွေကဝယ်ယူမှု တော်တော် လေးများလာပြီး ဈေးကွက်ထဲ အရောင်းအဝယ်က အရင်ကထက်ပိုပြီးကောင်းလာတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲစင်းငုံ(နီ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၄၀,၀၀၀ ထိပေါက်ဈေး ရှိကြောင်းသိရသည်။

“အခုလောလောဆယ်တော့ ပဲစင်းငုံ(နီ)တွေ အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလည်း အခုတစ်လောအဝယ်ပြန်များလာတယ်။ အရင်က တရုတ်နိုင်ငံဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေ ခဲ့တယ်။ အခုတော့ ပဲစင်းငုံ (နီ) တွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်”ဟု ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၇,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၇,၀၀၀ အထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်အေး၏ ပြောကြားချက်အရသိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရှဉ့်ပိဿာချိန် ၄၆,၀၀၀ အထိသာ တင်ပို့ရောင်းချခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်အထိ ငါးရှဉ့်ပိဿာချိန် ၇၇,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချမှုများပြားလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့အားကောင်းသည့် အတွက်ဖြစ်ကြောင်းသိရသည်။

“ပြီးခဲ့တဲ့ မေလပထမပတ်လောက်ကတည်းက ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ငါးရှဉ့်တွေ သိသိသာသာ တင်ပို့အားကောင်းလာတာကလည်း ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်လိုအား ကောင်းလာတာကြောင့်ပါ။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် တခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို

ဝယ်လိုအားကောင်းလာလို့လည်း ငါးရှဥ့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ လုပ်သားတွေ၊ ငါးရှဥ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်” ဟု ဒေါ်မြင့်အေးကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဥ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅,၀၀၀ အထိဈေးရှိကြောင်း၊ အဆိုပါဒေသ၌ ငါးရှဥ့်မွေးမြူရေးလုပ်ငန်းအပြင် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်းနှင့် လယ်ကွင်းများမှ ရှာဖွေဖမ်းယူရရှိသည့် ငါးရှဥ့်များထွက်ရှိကြောင်း အဆိုပါ ဒေသထွက်ငါးရှဥ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သို့ ပြန်လည်တင်ပို့ရောင်းချကြောင်း သိရသည်။

Source: **မြဝတီနေ့စဉ်သတင်းစာ**

## နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းသွက်



၂၀၂၄ ခုနှစ် ပဲရာသီတွင် နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးပြီး ထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းအဝယ်များ သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ သီးထပ်မတ်ပဲများသည် ဈေးကွက်အတွင်းသို့ ယခုဇွန်လမှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများလည်း ကောင်းမွန်လျက်ရှိသည့်အပြင် ဈေးကောင်းများလည်း ရရှိနေကြောင်း၊ ယနေ့တွင် သီးထပ်မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ ဈေးနှုန်းအထိမြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

“တပေါင်းလပြည့်ကျော်ကစိုက်ခဲ့တဲ့ ရေသွင်းမတ်ပဲတွေ မန္တလေးဈေးကွက်ကို ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေပါတယ်။ တောင်သူတွေ မတ်ပဲကို သီးထပ်စိုက်ပျိုးလို့ အောင်မြင်တဲ့နှစ်လည်းဖြစ်တယ်။ အိန္ဒိယနိုင်ငံနဲ့ဥရောပနိုင်ငံတွေက ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ယူလာတာကြောင့် မတ်ပဲဟာ အခါတိုင်းနှစ်ထက်မတူဘဲ ဝယ်လိုအားများပြားနေပြီး ဈေးနှုန်း မြင့်တက်လာနေတာဖြစ်တယ်။ သီးထပ်အနေနဲ့စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်း ဈေးကောင်းရရှိနေတာကြောင့် တောင်သူတွေ အကျိုးအမြတ်ရရှိတဲ့နှစ်လို့ ပြောလို့ရပါတယ်။ အပိုဝင်ငွေလည်းရရှိနေပါတယ်။ ဒါကြောင့် လာမဲ့နှစ်မှာ တောင်သူတွေ တိုးချဲ့ စိုက်ပျိုးသင့်ပါတယ်”ဟု ၎င်းကပြောသည်။

လက်ရှိ မန္တလေးဈေးကွက်သို့ ရေသွင်းစိုက်ပျိုးသည့် သီးထပ်မတ်ပဲများ စတင်ဝင်ရောက်လာသည့်ဒေသများမှာ ပခုက္ကူ၊ ရေစကြို၊ မြောင်၊ မတ္တရာစသည့်နယ်များနှင့် စဉ့်ကူးနယ်များမှဝင်ရောက်နေကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံ အထက်အညာဒေသများတွင်သာမက မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း၊ သီးထပ်အနေဖြင့် အထက်အညာဒေသများတွင်သာစိုက်ပျိုးကြပြီး အဆိုပါမတ်ပဲသည် မြန်မာပြည်၏ ပဲသီးနှံတင်ပို့မှုတွင် အများဆုံးဖြစ်ကာ နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့်နေရာတွင် နံပါတ်တစ်နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

Source: **မြန်မာ့အလင်းသတင်းစာ**

## ဈေးဆက်တက်နေတဲ့ မတ်ပဲနဲ့ စံချိန်တင်ဈေးကျော်သွားတဲ့ ပဲစင်းငုံ

မတ်ပဲကတော့ ဈေးဆက်တိုက်ဈေးမြင့်တက်ပါတယ်။ ငွေကြေးဈေးကြောင့် ပစ္စည်းတွေကို လှောင်ထားဆဲအခြေအနေ ဖြစ်ပြီး အိန္ဒိယနိုင်ငံဝယ်လိုအားကလည်းများနေတာဖြစ်လို့ ဈေးကွက်ထဲအဝင်နဲ့ စားသုံးသူအဝယ်လိုအပ်ချက်တွေမြင့်နေပြီး

ဈေးတွေမြင့်တက်လာတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ တတိယအကြိမ်မြောက် ဝန်ကြီးချုပ်အဖြစ်ထမ်းဆောင်မဲ့ ဝန်ကြီးချုပ်မိုဒီဟာ အစိုးရသစ်ရဲ့ ပထမဆုံးရက် ၁၀၀ စီမံကိန်းမှာ ပဲမျိုးစုံတင်သွင်းမှုကိုလျှော့ချမဲ့ အစီအစဉ်ပါဝင်နေပေမဲ့ အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်တွေကြောင့် ဈေးကွက်အခြေအနေကမာနေပြီး အများကြီးကျဆင်းသွားဖို့ရာ လတ်တလောမရှိသေးဘူးလို့ လည်း သုံးသပ်မှုတွေ ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၄၃၅,၀၀၀ ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ငွေကျပ် ၃၅,၀၀၀ လောက်ဈေးမြင့်တက်လာပါတယ်။ (SQ/RC)ကတော့ တစ်တန်ကို ၃,၇၃၅,၀၀၀ ပေါက်ဈေးရှိပြီး ၁၅၀၀၀ ကျပ်၊ မတ်ပဲ RAW ကတော့ တစ်ပိဿာကို ၅၆၁၅ မှ ၅၆၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၅ကျပ်ဈေးမြင့်တက်လာပါတယ်။ မတ်ပဲ FOB ဈေးနှုန်းကလည်း တစ်တန်ကို ၁၀၂၅ မှ ၁၀၄၅ ဒေါ်လာ ပေါက်ဈေးရှိပြီး ၂ ပတ်ဆက်တိုက် ဈေးအပြောင်းအလဲမရှိပါဘူး။

ပဲစင်းငုံနီကလည်း လက်ရှိမှာ စံချိန်တင်ဈေးနှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်တည်ငြိမ်မှုမရှိတာကြောင့် လှောင်ထားတဲ့အခြေအနေဖြစ်နေပြီး ဈေးကဆက်တိုက် မြင့်တက်နေတာလည်းဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံတွင်းမှာလည်း ဈေးမြင့်တဲ့အတွက် ပဲခွဲစက်တွေက မဝယ်တော့လို့အရောင်းနည်းပြီး အဝယ်တိုးတဲ့အတွက် ဈေးကလည်း မြင့်တက်နေပါတယ်။

ပဲစင်းငုံနီရဲ့ အထွက်နှုန်းက ၂၀ ရာခိုင်နှုန်းထက်မနည်း လျော့ကျမယ်လို့ ကုန်သည်တွေကခန့်မှန်းခဲ့လို့ လာမဲ့ကာလအတွင်းမှာလည်း အတက်ဈေးနဲ့ပဲရှိနိုင်ဦးမယ်လို့ ခန့်မှန်းထားကြပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၄,၅၉၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်လိုက်ရင် တစ်တန်ကို ၈၀,၀၀၀ နီးပါး ဈေးမြင့်တက်လာပါတယ်။

**ဈေးဆက်တိုက် မြင့်တက်လာတဲ့ ပဲပုပ်**

ပဲပုပ်ကလည်း ဆက်တိုက်ဈေးမြင့်တက်လာပါတယ်။ ပဲပုပ်ဆီထုတ်လုပ်ရေးစက်ရုံအတွက် ပဲပုပ်တွေ အဝယ်လိုက်နေလို့ ဈေးကဆက်တိုက် မြင့်တက်နေတာလို့သိရပါတယ်။ ဈေးကွက်အတွင်းမှာတော့ အခြားပဲဆီတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ပဲပုပ်ဆီက ဈေးသင့်တဲ့အခြေအနေမို့ စားသုံးမှုများပြီး နောက်ပိုင်းအများဆုံး ဆီထုတ်လုပ်လျက်ရှိပါတယ်။ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာလည်း ပဲပုပ်(အထွက်တိုး၊ ဆီတိုးက)က တစ်ပိဿာကို ၃၈၃၀ မှ ၄၀၀၀ ရှိပြီး တစ်ပိဿာကို ၂၅၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာ ပဲပုပ်(ရှမ်း/ဗမာ)က တစ်အိတ်ကို ၁၉၈,၀၀၀ မှ ၂၂၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀,၀၀၀ နီးပါး ဈေးမြင့်တက်လာပါတယ်။ ၂ ပတ်အတွင်း တစ်အိတ်ကို ၂၅,၀၀၀ လောက် ဈေးမြင့်တက်လာတာဖြစ်ပါတယ်။

**ဈေးပြန်ကျဆင်းလာတဲ့ ကြက်သွန်ဖြူ**

ကြက်သွန်ဖြူကတော့ ဈေးကွက်ထဲအဝင်များလာတဲ့အပြင် အဝယ်လည်းနည်းသွားတဲ့အတွက် ဈေးပြန်ကျဆင်းသွားပါတယ်။ နေ့စဉ်ဈေးကွက်ထဲ အဝင်ပိဿာချိန် တစ်ထောင်ကျော်ရှိနေပါတယ်။ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ကြက်သွန်ဖြူရှမ်းက တစ်ပိဿာကို ၉၅၀၀ မှ ၁၁,၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀၀ ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်)ကတော့ တစ်ပိဿာကို ၁၀,၀၀၀ မှ ၁၀,၄၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၇၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

**Source: AMIA**

**Awba**

## နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများပိတ်ထားသည့်အတွက် ကြက်သွန်နီဈေးများ ကျဆင်းလာ




ပြည်ပသို့ အဓိကတင်ပို့နေသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ အခက်အခဲရှိနေသည့်အတွက် ကြက်သွန်နီဈေးများ ကျဆင်းသွားကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တစ်ခုရှိနေ၍သာ လုပ်ငန်းအနည်းငယ်လည်ပတ်နေရခြင်းဖြစ်ကြောင်းသိရသည်။ “ဈေးကကျသွားတယ်။ အဓိကတင်ပို့နေတဲ့ နိုင်ငံတွေရဲ့ လမ်းကြောင်းတွေ ပိတ်သွားတယ်။ ပိတ်တော့ လိုသလောက်တင်ပို့လို့မရဘူး။ အဓိက ဘင်္ဂလားဒေ့ရှ်ကိုပို့တဲ့လမ်းကြောင်းပိတ်တော့ ဘင်္ဂလားဒေ့ရှ်ကို အိန္ဒိယကဝင်ပို့တယ်။ ပို့တော့ ပြည်တွင်းကယှဉ်မပို့နိုင်ဘူး။ အဲဒီတော့ ဈေးတွေကျသွားတယ်။ ဝယ်ထားတဲ့

ပစ္စည်းတွေကလည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် တင်မရဘူးဖြစ်နေကြတယ်”ဟု ကြက်သွန်ကုန်သည်တစ်ဦးက ပြောသည်။ ထို့ကြောင့် ယခင်က တောဈေးတစ်ပိဿာလျှင် ၂၀၀၀ ကျော်ထိရှိခဲ့ရာမှ ယခု တောဈေးတစ်ပိဿာလျှင် ၁၇၀၀ ဈေးသာရှိတော့ကြောင်း သိရသည်။

“မိုးတွင်း အနည်းငယ်ကျလေ့ရှိပေမဲ့ ဒီနှစ်ကရာသီဥတုကြောင့်ပျက်စီးတာနဲ့ အခြားအခက်အခဲတွေကြောင့် အထွက်နှုန်း ကျနေတဲ့အတွက် ကုန်အနေအထားက ဒီနှစ်အဝင်နည်းတယ်။ သိုလှောင်ထားတဲ့သူတွေဆီမှာလည်း တော်တော်များများ ပုပ်ကုန်ကြတယ်။ အခုက ပြည်ပတင်ပို့မှုလမ်းကြောင်း အခက်အခဲတွေကြောင့် ဈေးကျသွားတာ။ သွင်းအားစုတွေ၊ မြေဩဇာ တွေ၊ အလုပ်သမားခတွေ အစစအရာရာဈေးတက်နေတော့ စိုက်စရိတ်ကမြင့်သွားတယ်၊ ဒါကြောင့် ပြန်ရတဲ့အမြတ်အစွန်း ကတော့ နည်းတာပေါ့”ဟု မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဆိပ်ဖြူတစ်ပိဿာလျှင် ၁၆၀၀ ကျပ် မှ ၂၂၀၀ ကျပ်သာရှိပြီး မြင်းခြံတစ်ပိဿာလျှင် ၁၆၀၀ ကျပ်မှ ၂၁၀၀ ကျပ် ဝန်းကျင်သာ ပေါက်ဈေးရှိတော့ကြောင်းသိရသည်။ ဒါအပြင် ကြက်သွန်ကုန်စည်ဒိုင်များ အပါအဝင် ပွဲရုံများနှင့် ကုန်သည်များတွင် ကြက်သွန်ပိဿာချိန် သိန်းနှင့်ချီပြီး စုပြုံနေခြင်းများလည်းရှိကြောင်းသိရသည်။ မိုးများ ဆက်တိုက်ရွာသွန်းလာပါက သိုလှောင်ထားသည့် ကြက်သွန်နီများရေဝင်ကာ အရည်အသွေးကျပြီး ပုပ်ကုန်နိုင်ကြောင်းလည်း သိရသည်။

ကြက်သွန်နီကို တရုတ်၊ မြဝတီနှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံများသို့ အဓိကတင်ပို့နေကြခြင်းဖြစ်ပြီး လက်ရှိကချင်ပြည်နယ်၌ တိုက်ပွဲဖြစ်နေသည့်အပြင် ကျုံ့အိတ်တံတားနဲ့ ဘီးလင်းတံတားမှာလည်း မိုင်းခွဲခံထားရသည့်အတွက် အသုံးပြုလို့ မရသော ကြောင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံကို ကြက်သွန်တင်ပို့မှုတွေ ရပ်နားထားရကြောင်းလည်း သတင်းရရှိသည်။

လတ်တလောတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့်သွင်းအားစုများ ဈေးကြီးနေသောကြောင့် သယ်ယူ ပို့ဆောင်ရေးအပါအဝင် အခြားအခက်အခဲများစွာရှိကြောင်း သိရသည်။ ထိုကဲ့သို့ ဆက်ဖြစ်နေဦးမည်ဆိုပါက ကြက်သွန်ဈေးနှုန်း ထပ်မံကျဆင်းလာနိုင်ပြီး ဈေးပြန်လည်ရရှိနိုင်ရန်မလွယ်ကြောင်း သုံးသပ်ကြသည်။

Source: AMIA

## ထိုင်းနိုင်ငံ၏ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်ရေးတိုးမြှင့်စေရန်ရည်ရွယ်၍ Thailand SME Synergy Expo 2024 ကျင်းပသွားရန်ရှိ

ထိုင်းနိုင်ငံ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း၏ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများသာမက စီးပွားရေး လုပ်ငန်းများအချင်းချင်း ချိတ်ဆက်ပေးရန်ရည်ရွယ်၍ Thailand SME Synergy Expo 2024 ကို အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ ဇွန်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံဗန်ကောက်မြို့ Queen Sirikit National Convention Center တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအကြား ကုန်သွယ်မှု အဆင့်ကိုတိုးမြှင့်ရန်၊ နိုင်ငံတကာစင်မြင့်ထက်သို့ လုပ်ငန်းများချဲ့ထွင်သွားနိုင်ရန်နှင့် ၂၀၂၇ ခုနှစ်တွင် GDP တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပါဝင်မှုကို ၄၀ ရာခိုင်နှုန်းထိ ရောက်ရှိရန်ဖြစ်ပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ၏ လုပ်ငန်းအစီအစဉ်၊ ဘဏ္ဍာငွေရရှိနိုင်မှုနှင့် ရောင်းချမည့်နေရာများ ရွေးချယ်မှုများအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးရုံးနှင့်ပူးပေါင်းဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဦးစီး ဌာနကို လမ်းညွှန်မှာကြားပြီးဖြစ်ပါကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များ၊ ဈေးများနှင့်စတိုးဆိုင်များအပါအဝင် နေရာ ၁၉,၀၀၀ ကို အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များရောင်းချရန်အတွက်လျာထားပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Napintorn Srisunpang က ပြောကြားခဲ့သည်။

ကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် ‘လုပ်ငန်းမှလုပ်ငန်း’နှင့် ‘လုပ်ငန်းမှစားသုံးသူ’ ချိတ်ဆက်မှုအပြင် အခြားသော ကုမ္ပဏီ များနှင့် မိတ်ဖက်ချိတ်ဆက်မှုများရရှိနိုင်ပြီး အခွင့်အလမ်းများရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ဈေးကွက်ရှာဖွေခြင်း၊ ထုတ်လုပ်မှု၊ ယှဉ်ပြိုင်နိုင်မှုတို့အတွက် အရည်အသွေးထိန်းချုပ်မှုဆိုင်ရာများတွင်

အကြံဉာဏ်များပေးနိုင်ရေးအတွက် SME Clinic ကို ကြေညာသွားမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်တွင်ပါဝင်ခြင်းဖြင့် ဘဏ္ဍာငွေရရှိမှုအခြေအနေများကိုချဲ့ထွင်နိုင်ပြီး ဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ ချေးငွေရယူခြင်းကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များကို အထူးဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေးအတွက် ရောင်းချမည့်နေရာများကို ရှာဖွေသွားမည်ဖြစ်ကြောင်း၊ ဘဏ်နှင့်အာမခံကုမ္ပဏီများပူးပေါင်း၍ ဘတ် ၄၅ ဘီလီယံ ချေးငွေကို အထူးနှုန်းထားများဖြင့် ချေးပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး Mr. Napintorn က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ GDP တွင် ပါဝင်မှုအချိုးမှာ ၃၅ ရာခိုင်နှုန်းရှိသဖြင့် အဆိုပါ ပါဝင်မှုကိုတိုးမြှင့်နိုင်ရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးဝန်ဆောင်မှုများထံမှ ငွေကြေးရရှိမှု အကန့်အသတ်များလျှော့ချနိုင်ရေးနှင့် ထုတ်ကုန်များ၏ အရည်အသွေး၊ ယှဉ်ပြိုင်နိုင်မှုများကို မြှင့်တင်နိုင်ရေးအတွက် ကုန်စည်ပြပွဲများကျင်းပပေးခြင်းနှင့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## မြန်မာပြောင်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် အိန္ဒိယနိုင်ငံက စတင်တင်သွင်း

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထံမှ ပြောင်းများကို အကောက်ခွန်ကင်းလွတ်သက်သာခွင့်ပြုလျက် တင်သွင်းခြင်းအား စတင်ဆောင်ရွက်ခဲ့ရာ အနည်းဆုံး သင်္ဘော ၃ စီးသည် တမီနာဒူးပြည်နယ် Thoothukudi မြို့ရှိ VO Chidambaranar ဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ဇူလိုင်လကုန်အထိ နောက်ထပ်ပြောင်းသင်္ဘောများ ထပ်မံဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ တမီနာဒူးပြည်နယ် ဥစားကြက်လုပ်ငန်းရှင်များ ဈေးကွက်မြှင့်တင်ရေးအသင်းအဖွဲ့ (PFMS) ၏ ဥက္ကဋ္ဌဖြစ်သူ Vangili Subramanian က မြန်မာနိုင်ငံထံမှ အစေ့ထုတ်ပြောင်းများ တင်ဆောင်လာသော သင်္ဘော ၃ စီးသည် အိန္ဒိယဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုထားမှုအရ နောက်ထပ်သင်္ဘော ၁၀ စီးသည်လည်း ဝင်ရောက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကနဦးအစပိုင်း စာချုပ်ချုပ်ဆိုချိန်၌ မြန်မာပြောင်းများအား ဝယ်ယူတင်သွင်းသည့် ဈေးနှုန်းမှာ ၁ တန်လျှင် ၂၆၈ ဒေါ်လာဖြစ်သော်လည်း ယခုအခါ ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံထံမှ ပြောင်းတင်ပို့မှုတစ်ကြိမ်အတွက်သာဝယ်ယူရန် စာချုပ်ချုပ်ဆိုထားကြောင်းဖြင့် Olam Agro India လီမိတက်မှ လုပ်ငန်းစုအကြီးအကဲ Sanjay Sancheti က ပြောဆိုသည်။ ပြောင်းကဲ့သို့သော လယ်ယာထွက်ကုန်များအား ကုန်သွယ်သည့် Rajathi Group မှ လုပ်ငန်းရှင် M Madan Prakash ကလည်း ပြောင်းတန်ချိန် ၁၀,၀၀၀ ကို ၁ တန်လျှင် ၂၈၆ ဒေါ်လာနှုန်းဖြင့် ဇူလိုင်လ၌တင်ပို့ပေးမည်ဟု မြန်မာဘက်မှ ကမ်းလှမ်းခဲ့ရာ ၎င်းအနေဖြင့် ရွေးချယ်မှုမပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ထည့်သွင်းစဉ်းစားမှုအရ မြန်မာနိုင်ငံထံမှ တင်သွင်းသောပြောင်းများသည် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိကြောင်း ကုန်သည်အသင်းတစ်ခုမှ အမည်မဖော်လိုသော အရာရှိတစ်ဦးကပြောဆိုသည်။ ပြောင်းကို အခြားပင်ရင်းဒေသနိုင်ငံထံမှ တင်သွင်းခြင်းဖြစ်ပါက အိန္ဒိယအကောက်ခွန်ဌာနသည် အကောက်ခွန် ၆၀ ရာခိုင်နှုန်းအပြင် စုပေါင်းကုန်စည်နှင့် ဝန်ဆောင်မှုအခွန် ၅ ရာခိုင်နှုန်းနှင့် လူမှုဖူလုံရေးထပ်ဆောင်းအခွန် ၁၀ ရာခိုင်နှုန်းတို့ကိုလည်း စည်းကြပ်မည်ဖြစ်သည်။ သို့ရာတွင် ဗဟိုအစိုးရသည် ကန့်သတ်အကောက်ခွန်နှုန်းဖြင့် တင်သွင်းခွင့်ကိုတာ သတ်မှတ်ချက် (Tariff Rate Quota – TRQ) စနစ်အောက်တွင် အစေ့ထုတ်ပြောင်းအား အကောက်ခွန် ၁၅ ရာခိုင်နှုန်းဖြင့် တင်သွင်းပြုထားပြီး ၂၀၂၀ ပြည့်နှစ်၌ TRQ စနစ်ဖြင့် ပြောင်းတန်ချိန် ၅ သိန်းကို တင်သွင်းခွင့်ပြုခဲ့သည်။

ကော်မှုန့်အဖြစ် ပြုပြင်ထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့ပါက စာချုပ်ချုပ်ဆိုထားရှိမှုအရ တန်ချိန် ၃ သိန်းအထိ တင်သွင်းဖွယ်ရှိသော အစေ့ထုတ်ပြောင်းများမှာ အကောက်ခွန်ကင်းလွတ်သက်သာခွင့် ရရှိနိုင်မည်ဖြစ်သည်။ ပထမအသုတ် တင်သွင်းလာသော ပြောင်းများသည် ကော်မှုန့်ထုတ်လုပ်ရန်အတွက်ဖြစ်ပြီး ဒုတိယအသုတ် တင်သွင်းမည့်ကုန်စည်များမှာမူ

အီသနောလောင်စာထုတ်လုပ်ရန်အတွက်ဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

တမီနာဒူးပြည်နယ်၏ ကြက်မွေးမြူရေးကဏ္ဍ၌ အစေ့ထုတ်ပြောင်း ဝယ်လိုအားရှိပြီး အချို့သောမွေးမြူရေးခြံလုပ်ငန်းများသည် ပြောင်းကိုပြည်ပမှဝယ်ယူတင်သွင်းမှုရှိကြောင်း၊ ၎င်း၏လုပ်ငန်းတွင်မူ ပြောင်းလိုအပ်ချက်အတွက် လုပ်ငန်းတည်ရှိရာ Namakkal မြို့အရောက် ၁ တန်လျှင် ရူပီးငွေ ၂၆,၀၀၀ နှုန်းဖြင့် ဘီဟာပြည်နယ်မှ မှာယူရရှိကြောင်း၊ ပြည်ပမှ တင်သွင်းလာသည့် ပြောင်းဈေးနှုန်းနှင့်တူညီမှုရှိကြောင်း၊ ဝယ်လိုအားမြင့်တက်လျက်ရှိမှုအရ ပြည်ပမှပြောင်းများတင်သွင်းရန်လည်း လိုအပ်လျက်ရှိကြောင်းဖြင့် PFMS အသင်း ဥက္ကဋ္ဌ Mr. Subramanian က ပြောဆိုသည်။

လက်ရှိကာလ၌ အိန္ဒိယပြည်တွင်းရှိ လယ်ယာထွက်ကုန်ဈေးကွက်ကော်မတီများ၏ ကုန်အဝယ်ဒိုင်များတွင် ပြောင်း ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) ၏ အလေးပေးပျမ်းမျှဈေးနှုန်းသည် ၂၀၉၁ ရူပီးနှုန်းရှိသည်။ ပြောင်းသီးနှံအတွက် အစိုးရက သတ်မှတ်ထားသော အခြေခံရည်ညွှန်းဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ၂၀၉၀ ရူပီး ဖြစ်သည်။ သို့ရာတွင် မဒ္ဒရာပရာဒေ့ရှ်၊ တမီနာဒူး၊ တဲလန်ဂါနာ၊ မဟာရဋ္ဌနှင့်ကာနာတကာ ပြည်နယ်များရှိ အချို့သောအဝယ်ဒိုင်များ၌ ပြောင်း ၁ ကွင်တယ်လျှင် ရူပီးငွေ ၂၄၀၀ နှုန်း၏ အထက်သို့ မြင့်တက်လျက်ရှိသည်။ ယခင်နှစ် ကာလတူ၌ အဆိုပါဒေသများတွင် ပြောင်းဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ရူပီး ၁၇၀၀ မျှသာရှိခဲ့သည်။

ပြောင်းတင်သွင်းမှုနှင့်စပ်လျဉ်း၍ ဈေးနှုန်းကွာခြားမှုအရ လက်လှည့်ရောင်းချပြီး အမြတ်အစွန်းရယူမှုနှင့် အခွင့်အရေးပေးသွင်းကုန်အခွန်နှုန်းသတ်မှတ်ချက်တို့က အလုံးစုံဈေးကွက် ပုံပျက်ယွင်းခြင်းကိုဖြစ်စေကြောင်း၊ အစိုးရအနေဖြင့် ပြောင်းတင်သွင်းခွင့်ပြုရာတွင် အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်း သတ်မှတ်ချက်နှင့် ကုန်ချဆိပ်ကမ်းကန့်သတ်ချက်များကို ချမှတ်လျက် သတိပြုဆောင်ရွက်သင့်ကြောင်း၊ လွန်ခဲ့သော ၂ နှစ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြုံတွေ့ခဲ့ရသောနိုင်ငံ၏ အရှေ့ပိုင်းနှင့်တောင်ပိုင်းတို့ရှိ လယ်သမားများအနေဖြင့် ယခုနှစ်၌ မုတ်သုံရာသီ ပုံမှန်ရှိမည့်ခန့်မှန်းချက်အရ သီးနှံအထွက်နှုန်းမြင့်မားပြီး ဝင်ငွေတိုးတက်ကောင်းမွန်ရန် မျှော်လင့်လျက်ရှိကြောင်းဖြင့် နယူးဒေလီမြို့အခြေစိုက် ကုန်သွယ်ရေးသုတေသီ S Chandrasekaran က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေးဝန်ကြီးဌာနသည် ဖွန်လပထမသီတင်းပတ်၌ တတိယအကြိမ် သီးနှံအထွက်ခန့်မှန်းချက်ထုတ်ပြန်ရာတွင် ၂၀၂၄ ခုနှစ် ဖွန်လ၌ကုန်ဆုံးသည့် **သီးနှံစိုက်ပျိုးရေးနှစ်အတွင်း အစေ့ထုတ်ပြောင်း စုစုပေါင်းတန်ချိန် ၃၅ ဒသမ ၆၇ သန်း ထွက်ရှိမည်ဟု** ပြင်ဆင်ခန့်မှန်းထားသည်။ ယခင် သီးနှံစိုက်ပျိုးရေးနှစ်တွင် ပြောင်းတန်ချိန် ၃၈ ဒသမ ၀၈ သန်း ထွက်ရှိခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ပြောင်းဝယ်လိုအားမှာ မြင့်တက်လျက်ရှိပြီး ကြက်မွေးမြူရေးကဏ္ဍတစ်ခုတည်းကပင် နှစ်စဉ်တန်ချိန် ၁ သန်းခန့် ထပ်ဆောင်းလိုအပ်ချက်ဖြစ်ပေါ်နေသည်။ လက်ရှိကာလတွင် ၎င်းကဏ္ဍ၏ ပြောင်းဝယ်လိုအားမှာ တန်ချိန် ၁၆ သန်းခန့်ရှိသည်။ မွေးမြူရေးလုပ်ငန်းအပြင် ကော်မှုန့်လုပ်ငန်းနှင့် အီသနောထုတ်လုပ်မှုတို့အတွက်လည်း ပြောင်းလိုအပ်ချက်ရှိနေသည်။ ဗဟိုအစိုးရက အီသနောထုတ်လုပ်ရာတွင် ကြံအသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ခဲ့ပြီးနောက် ယခုနှစ်တွင် အဆိုပါလုပ်ငန်းနယ်ပယ်၌ ပြောင်းလိုအပ်ချက်မှာ မြင့်တက်လာခဲ့သည်။ ယခင်ဘဏ္ဍာနှစ်၌ အီသနောထုတ်လုပ်ရာတွင် ပြောင်းတန်ချိန် ၀ ဒသမ ၈ သန်းခန့်သာ သုံးစွဲခဲ့သော်လည်း ယခုဘဏ္ဍာနှစ်၌ တန်ချိန် ၃ ဒသမ ၄ သန်းခန့်အထိ မြင့်တက်လာနိုင်ဖွယ်ရှိသည်။

အီသနောထုတ်လုပ်သည့်လုပ်ငန်းများ လည်ပတ်လုပ်ကိုင်ချိန်၌ အထူးသဖြင့် ဘီဟာပြည်နယ်တွင် အစေ့ထုတ်ပြောင်းတင်သွင်းမှုစတင်လျက် Visakhapatnam သို့မဟုတ် Kolkatta ဆိပ်ကမ်းများသည် ကုန်ချဆိပ်ကမ်းများ ဖြစ်လာလိမ့်မည်ဟု နိုင်ငံတကာနှင့်ကုန်သွယ်လုပ်ကိုင်လျက်ရှိသော ကုန်သည်အသိုင်းအဝိုင်းကပြောဆိုကြောင်း၊ အစိုးရအနေဖြင့် ပြောင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မျိုးဗီဇပြုပြင်ထုတ်လုပ်ထားသော ပြောင်းများအား အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် နိမ့်ကျသော သွင်းကုန်အခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုရန် စဉ်းစားလျက်ရှိကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြထားသည်။

**Source: The Hindu Business Line, 7 Jun 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm

## ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီများကို ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် ရွှေတင်သွင်းခွင့်ပြု



ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းဈေးနှုန်းများနှင့် နိုင်ငံတကာစံနှုန်းများကြား ကျယ်ပြန့်လာနေသော စံနှုန်းများ၏ကွာဟမှုကို ပေါင်းကူးရန်ရည်ရွယ်၍ ဆယ်စုနှစ်တစ်ခုအတွင်း ကုမ္ပဏီများအား ပထမဆုံးအကြိမ် ရွှေတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်ရွှေကုန်သည်များအသင်း (VGTA) သည် ရွှေရောင်းလိုအားနှင့်ဝယ်လိုအား မညီမျှမှုကိုပြုပြင်ရန်အတွက် အစိုးရနှင့် နှစ်ရှည်လများဆွေးနွေးခဲ့ကြောင်း အဆိုပါအသင်း၏ ဒုဥက္ကဋ္ဌ Huynh Trung Khanh ၏ပြောကြားချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ အစိုးရသည် သွင်းကုန်နှင့် ပြည်တွင်းရွှေရောင်းအားကို ၂၀၁၂ ခုနှစ်တွင် အပြည့်အဝ ထိန်းချုပ်နိုင်လုနီးပါးဖြစ်ခဲ့ပြီး အချို့သောကုမ္ပဏီများက တင်သွင်းခွင့်ကို ပို့ကုန်အဖြစ်လည်းကောင်း လက်ဝတ်ရတနာအဖြစ်လည်းကောင်း ပြန်လည်အသုံးပြုခွင့်ပေးခဲ့သည်။ ဇူလိုင်လသို့မဟုတ် ဩဂုတ်လတွင် တရားဝင်ရွှေတင်သွင်းမှုကို စတင်ခွင့်ပြုမည်ဟု ပြောကြားထားပြီး ဇူလိုင်လတွင် ရွှေကုမ္ပဏီများကို တိုက်ရိုက်တင်သွင်းခွင့်ပြုလိမ့်မည်ဟု မျှော်လင့်ထားကြောင်း Khanh က Asia Pacific Precious Metal Conference တွင် ပြောကြားခဲ့သည်။

ယခုနှစ်ပထမခြောက်လတာကာလအတွင်း ရွှေဝယ်ယူမှုမှာနှစ်စဉ် ၁၀ ရာခိုင်နှုန်းရှိပြီး မက်ထရစ်တန်ချိန် ၃ သန်းအထိ မြင့်တက်လာမည်ဖြစ်ပြီး ရွှေဝယ်လိုအားသိသိသာသာမြင့်တက်လာခြင်းသည် အထူးသဖြင့် အိမ်နီးချင်းကမ္ဘောဒီးယားမှ ရွှေမှောင်ခိုတင်သွင်းမှုကို မြင့်မားလာစေသည်ဟု Khanh က ပြောကြားခဲ့သည်။ VGTA နှင့် ကမ္ဘာ့ရွှေကောင်စီသည် လက်ရှိတွင် တစ်နိုင်ငံလုံးဆိုင်ရာ ရွှေလဲလှယ်မှုစနစ်တစ်ခု ထူထောင်နိုင်ရန်အတွက် ဗီယက်နမ်ဗဟိုဘဏ်၊ အခြားအစိုးရအေဂျင်စီများနှင့် ပူးပေါင်းကာဆောင်ရွက်လျက်ရှိပြီး ရွှေဈေးကွက်တည်ငြိမ်မှုကို ပိုမိုပံ့ပိုးပေးနိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။

**Source: Reuters**

https://www.doca.gov.mm

## STOCK EXCHANGE (19.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 40,459 (Shares) | 111,496,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -200 | -2.17% | 9,200 | 9,200 | 9,000 | 5,125 | 46,372,700 | 33,109,694 | 297,987 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 2,117 | 6,880,250 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 31,664 | 53,828,800 | 29,664,613 | 50,430 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 10 | 28,500 | 12,823,224 | 36,546 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 580 | 1,136,750 | 19,977,223 | 39,955 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 3,350 | -100 | -2.90% | 3,450 | 3,450 | 3,350 | 963 | 3,249,950 | 23,804,946 | 79,747 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 19th Jun. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.78 | -5.56 | -1.34% | 413.03 | 413.03 | 408.78 | 40,459 | 111,496,950 | 8 | 771,041 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 40,459 (Shares) | 111,496,950 (MMK) |

## Main Board

As of 1:00 pm, 19th Jun. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 40,459 (Shares) | 111,496,950 (MMK) |

| MYANPIX | 408.78 ▼ 5.56 |
|---|---|
| Total Volume (shares) | 40,459 |
| Total Value (MMK) | 111 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,041 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 200 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,700 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 3,350 | ▼ 100 |